

# ကျွန်ုပ်တို့၏ရေ

## 2023 နှစ်ပတ်လည် သောက်သုံးရေ အရည်အသွေးအစီရင်ခံစာ

## THREE RIVERS ရေသန့်စင်ရေးစက်ရုံ

CITY UTILITIES
WATER THAT WORKS

### Kumar Menon ထံမှစာ
### မြို့တော်ရေမီးဝန်ဆောင်မှုဌာန၏ ညွှန်ကြားရေးမှူး

2022 ခုနှစ်အတွက် ရေ အရည်အသွေးဆိုင်ရာ အစီရင်ခံစားကို တင်ပြခွင့်ရရှိသည့်အတွက် ကျေနပ်မိပါသည်။ မီးဘေးကာကွယ်ရေး၊ စီးပွားရေးလုပ်ငန်း၊ နှင့် မိသားစုအတွက် လိုအပ်သောရေဖိအားရရှိရေးနှင့်အတူ အရည်အသွေးကောင်းသောရေ၊ သောက်သုံးရန်ဘေးကင်းသောရေကို သေချာစွာထုတ်လုပ်ရန်အတွက် ကျွန်ုပ်တို့၏အဖွဲ့သားများ နှင့် ၎င်းတို့၏ ကြိုးစားဆောင်ရွက်မှုအပေါ် အပေါ်ဂုဏ်ယူမိပါသည်။

ဤအစီရင်ခံစားတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း 2022 စမ်းသပ်စစ်ဆေးမှု ရလဒ်များတွင် ကျွန်ုပ်တို့၏သောက်ရေသည် အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ ချမှတ်ထားသော ရေ အရည်အသွေးစံနှုန်းနှင့် ကိုက်ညီသည် သို့မဟုတ် ပိုကောင်းသည်ကို ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ Three Rivers ရေသန့်စက်ရုံတွင် ရေကို နေ့တိုင်း၊ မိနစ်တိုင်း စဉ်ဆက်မပြတ် စမ်းသပ်စစ်ဆေးပါသည်။ မိမိတို့ဓာတ်ခွဲခန်းနှင့် အလိုအလျောက် စစ်ဆေးသည့် လုပ်ငန်းစဉ်များဖြင့် နေ့စဉ် စမ်းသပ်စစ်ဆေးမှုများ 50,000 ထက်မနည်း လုပ်ဆောင်ပါသည်။



နံနက်ခင်း အိပ်ယာထ ရေချိုးခြင်း၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ သို့မဟုတ် မီးသတ်ခြင်း၊ စသည့် အခြေအနေများထဲမှ မည်သို့ပင်ဖြစ်စေ စိတ်ချရသော ကျွန်ုပ်တို့အဖွဲ့ အနေနှင့် မိုင်ပေါင်း 1,500 နီးပါးရှည်လျားသော အဓိကရေပိုက်ကြီးများကို ထိန်းသိမ်းပြီး အဆိုပါ ရေပိုက်ကြီးမှတဆင့် ရေဖြန့်ဝေပေးပါသည်။ ယင်းသည် Allen ၊ Wells နှင့် Whitley ကောင်တီများရှိ ဧရိယာ စတုရန်းမိုင်ပေါင်း 180 ရှိပါသည်။

ဟောင်းလာသော အခြေခံအဆောက်အအုံများကို အစားထိုးလဲလှယ်ခြင်း၊ စိတ်ချရမှုတိုးချဲ့ရန် အခြေခံအဆောက်အအုံများကို တည်ဆောက်ခြင်း၊ အိမ်နီးနားချင်း ရပ်ကွက်များ နှင့် စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ခြင်း၊ နှင့် စီးပွားရေးဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင်များ တိုးပွားလာရန်အတွက် လိုအပ်လျှင်လိုအပ်သည့်နေရာများတွင် အခြေခံအဆောက်အအုံ သစ်များတည်ဆောက်ခြင်း၊ စသည့် ကတိကဝတ်များကို ဆက်လက်ဆောင်ရွက်နေပါသည်။

ပုဂ္ဂလိကပိုင် အိမ်များတွင် ခဲသတ္တုပိုက်လိုင်းများ ဖယ်ရှားရေးသည် ဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်တည်ရှိသည်။ ကျွန်ုပ်တို့၏ ခဲသတ္တုပိုက်လိုင်း အစားထိုးအစီအစဉ်သည် 10 ချေးငွေစီမံကိန်းမှတဆင့် ခဲသတ္တုပိုက်လိုင်းများကို အစားထိုးရာတွင် အိမ်ပိုင်ရှင်များကို ကူညီရန်အတွက် ဖက်ဒရယ်အစိုးရ၏ ထောက်ပံ့ကြေးကို ကြိုးပမ်းရှာဖွေပြီး $13 ဘီလီယံ လက်ခံရရှိထားပါသည်။  ကျွန်ုပ်တို့၏အစီအစဉ်သည် ပိုက်အစားထိုးလုပ်ငန်းကို အစုလိုက်စုဖွဲ့ခြင်းသဖြင့် ကုန်ကျစရိတ်များကို လျှော့ချပါသည်။

ရေသည် ကျွန်ုပ်တို့၏ဘဝအတွက် မဖြစ်မနေလိုအပ်သည်။ ကျွန်ုပ်တို့၏အိမ်များ နှင့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မှီခိုပြီး ကျွန်ုပ်တို့၏ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှုအတွက် အားထားရပါသည်။ ကျွန်ုပ်တို့၏ အမေရိကန်သားများ အချင်းချင်း ရေရရှိရန် ရုန်းကန်ရသည်ကို သတင်းတွင် နေ့တိုင်းနီးပါး ကြားရပါသည်။ ကျွန်ုပ်တို့၏ဒေသတွင် ရေများစွာရှိပါသည်၊ ထို့အတူ ကျွန်ုပ်တို့အဖွဲ့မှ ရေပေးစနစ်ကို ကာကွယ်ရန်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သည်ကို အာမခံပါသည်။ အမှန်အားဖြင့် ကျွန်ုပ်တို့၏ သုံးစွဲသူများထံသို့ ရေပေးပို့ရန်အတွက် ကျွန်ုပ်တို့၏ ရေလှောင်ကန်ထဲမှ ရေတခါမှထုတ်သုံးခြင်း မရှိပါ။ ကျွန်ုပ်တို့၏ ရေရှည်စီမံချက်သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများအတွက် ခံနိုင်ရည်ရှိပြီး ယုံကြည်စိတ်ချရသည်၊ ပိုပြီးအရေးကြီးသည်မှာ ကျွန်ုပ်တို့၏ သုံးစွဲသူများအတွက် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အဓိကခံယူထားသောတာဝန်သည် သုံးစွဲသူတိုင်းအတွက် သန့်ရှင်းသော၊ စိတ်ချရသော၊ အလျှံပယ်ဖြစ်သော ရေထုတ်ပေးရေးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အလုပ်ကို အကောင်းဆုံး ဂရုစိုက်လုပ်ဆောင်သည်၊ တာဝန်ဝတ္တရားကို အလေးအနက်ထားသည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန၏ အဖွဲ့သည် သင်နှင့်သင့်မိသားစု၏ မျှော်မှန်းချက်များနှင့် ကိုက်ညီစေရေးအတွက် ကတိကဝတ်ပြုပါသည်။

ယုံကြည်စိတ်ချရသည်။ တာဝန်ခံမှုရှိသည်။ ခံနိုင်ရည်ရှိသည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန

### ကျွန်ုပ်တို့၏ရေသည် ဘယ်ကလာသနည်း။

မြို့တော် ရေမီးဝန်ဆောင်မှုဌာန၏ သုံးစွဲသူများအတွက် ရေကို St.Joseph မြစ်မှရယူသည်။ မြစ်အတွင်းသို့ အင်ဒီယာနာ အရှေ့မြောက်ဒေသ၊ အိုဟိုင်းယိုး အနောက်မြောက်ဒေသ နှင့် တောင်ပိုင်း-အလယ် မစ်ရှီဂန် ဒေသအစိတ်အပိုင်း အနည်းငယ် ပါသော ဧက 694,000 မှ ရေများ စီးဆင်းသည်။ မြစ်ဝှမ်း မြေကို အဓိကအားဖြင့် စိုက်ပျိုးရေးအတွက် အသုံးပြုသည်။




ရေမီးဝန်ဆောင်မှုဌာနသည် ပျှမ်းမျှ မြစ်ရေ ဂါလံ 36 သန်းကို နေ့စဉ် ထုတ်ယူသည်။ ထို "သဘာဝ"ရေများကို  သုံးစွဲသူများထံ မဖြန့်ဝေမီ၊ သန့်စင်ခြင်း၊ ရေစစ်ခြင်း နှင့် စမ်းသပ်စစ်ဆေးခြင်းများကို Three Rivers ရေသန့်စက်ရုံမှ ဆောင်ရွက်ပါသည်။

အင်ဒီယာနာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာန (IDEM) သည် မြို့တော် ရေမီးဝန်ဆောင်မှုဌာန၏ ရေပေးဝေရေး အတွက် ရေအရင်းအမြစ်ကို စိစစ်ပါသည်။ အဆိုပါ အရင်းအမြစ်စိစစ်ရေးမှ ရေကို ညစ်ညမ်းစေသော ဖြစ်တန်ခြေ အရင်းအမြစ်များကို သိရှိထားပါသည်။ အစီရင်ခံစာသည် ရေပေးဝေမှုတွင် ဖြစ်နိုင်ခြေရှိသော ညစ်ညမ်းမှု၏ ထိခိုက်နိုင်ခြေရှိမရှိ ရေနှင့်ပတ်သက်သော အခြေအနေများကို သုံးသပ်ပြပါသည်။ ရေအရင်းအမြစ်စိစစ်ရေး နှင့်ပတ်သက်ပြီး အချက်အလက်များ ပိုမိုရယူလိုပါက 427-1234 ထံဖုန်းဆက်ခြင်းဖြင့် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနနှင့် ဆက်သွယ်ပါ။

### မြို့တော်ရေမီးဝန်ဆောင်မှုဌာန၏ ခံယူထားသည့်တာဝန်

*လူထု ဘေးကင်းလုံခြုံမှုနှင့် လူထုကျန်းမာရေးကို အထောက်အကူပြုရန် နှင့် အရည်အသွေးမြင့်သော၊ စရိတ် သက်သာသော ရေ ဖြန့်ဝေပေးရေးနှင့် သဘာဝ ပတ်ဝန်းကျင်ကိုကာကွယ်၍ မြေပေါ်ရေနုတ်မြောင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွါးရေး တိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေရန်။*

## သင့်အတွက်အရေးကြီးသောရေအရည်အသွေးများ

မြို့တော် ရေမီးဝန်ဆောင်မှုဌာနသည် ကောင်းမွန်သော ရေဖြန့်ဝေရေး နှင့် ရေ အရည်အသွေး တသမတ်တည်းဖြစ်စေရန် လိုအပ်သောရေသန့်စင်မှု လုပ်ငန်းစဉ်များကို ထိန်းညှိဆောင်ရွက်ရေး အတွက် အလေးထားဆောင်ရွက်နေပါသည်။ သို့သော်ငြားလည်း တခါတရံတွင် မြစ်ချောင်း နှင့် ၎င်း၏အစိတ်အပိုင်းများကြောင့် သောက်သုံးရေတွင် အရသာ၊ အရောင် နှင့် အနံ့များကို ပြောင်းလဲနိုင် စေသည်။ မြစ်သုံးသွယ်ရေသန့်စက်ရုံ Three Rivers Water Filtration Plant မှ ဝန်ထမ်းများသည် မြစ်ချောင်းရေ၏ အရည်အသွေးပြောင်းလဲမှုများကို ကြိုတင်ခန့်မှန်းထားရန်အတွက် ကြိုးစား ဆောင်ရွက်နေပါသည်။ ၎င်းတို့၏ ဦးစားပေးမှုအရ ရေကို သောက်သုံးရန်အတွက် ဘေးကင်းလုံခြုံမှုရှိ ရမည်ဖြစ်ပြီး ရေ၏ အရသာနှင့်အနံ့များကို တတ်နိုင်သမျှ ဖယ်ရှားရန်အတွက် သန့်စင်ရေးလုပ်ငန်းစဉ် ကို ညှိနှိုင်းကြပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြုပြင်စီမံထားသောကာဗွန် အမှုန့်များကို ရေ သန့်စင်မှုလုပ်ငန်းစဉ်တွင် ထည့်သွင်းခြင်းနှင့် ပိုးသန့်စေသည့် အမျိုးမျိုးသော ဓါတုပစ္စည်းများသုံးစွဲ မှုကို အချိုးညီ မျှတစေရန် ညှိနှိုင်းဆောင်ရွက်မှုတို့ ပါဝင်သည်။ သောက်သုံးရေ၏ အရသာနှင့်အနံ့ အကြောင်းကို ပိုမိုသိရှိလိုပါက မြို့တော် ရေမီးဝန်ဆောင်မှုဌာနထံသို့ 427-1234 တွင်ဖုန်းဆက်ခြင်း၊ သို့မဟုတ် ကျွန်ုပ်တို့ရေ၏ အရသာနှင့်အနံ့ ဆိုင်ရာအညွှန်းကို ဖော်ပြထားသည့် ကျွန်ုပ်တို့၏ဝက်ဘ် ဆိုက် utilities.cityoffortwayne.org/drinkingwater မှတဆင့် ဝင်ကြည့်နိုင်ပါသည်။



ရေကိုစမ်းသပ်ရာတွင် ရေသွက်မှုနှင့် ဆုံးဖြတ်သည်။ စက်ရုံသည် ကယ်လဆီယံ ဟိုက်ဒြောက်ဆိုဒ် (ထုံးခြောက်) မှုန့်များထည့်ပြီး သွက်အောင်ပြုပြင်ထားသောရေများ ကို သုံးစွဲသူများထံ ပို့ဆောင်သည်။ ထုံးခြောက်သည် ရေ တွင်သဘာဝအလျောက်ပါဝင်ပြီး ရေစေးဖြစ်စေနိုင်သည့် ကယ်လဆီယံ၊ မဂ္ဂနီဆီယံတို့ နှင့် ဓာတုဓာတ်ပြုမှုဖြစ်စေ ပြီး ယင်းတို့ကို ဖယ်ရှားရန် အထောက်အကူပြုသည်။ ရေစေးပမာဏကို ရေတလီတာတွင် ကယ်လဆီယံ နှင့် မဂ္ဂ နီဆီယံ မီလီဂရမ် ပမာဏ မည်မျှပါဝင်သည်နှင့် တိုင်းတာ ဆုံးဖြတ်သည်။ ကောင်းသော ရေသွက် တလီတာလျှင် ရေစေး 0-75 မီလီဂရမ် (mg/L) နှုန်းပါဝင် နိုင်သည်။ ရေစေးတွင်မူ တလီတာလျှင် ရေစေး 150 နှင့် 300 မီလီဂရမ် (mg/L) အကြားပါရှိသည်။ ဖို့ဝိန်းမြို့၏ရေတွင် ရေစေး ပျမ်းမျှအားဖြင့် 2022 ခုနှစ်တွင် တလီတာလျှင် 122 မီလီဂရမ် (mg/l) ပါဝင်ခဲ့ပြီး အလယ်အလတ်တန်း ရေသွက် ဟု သတ်မှတ်သည်။

ဆပ်ပြာများနှင့် ဆပ်ပြာရည်များသည် အတန်အသင့်သွက်သောရေဖြင့် ဆပ်ပြာမြှုပ်များပိုမိုထွက်စေ သဖြင့် သင်လျှော့သုံးနိုင်သည်။ ပိုမိုသွက်သော ရေသည် ရေခဲ ပြုလုပ်သည့် ပစ္စည်းများ နှင့် ပန်းကန် ဆေးစက်တို့ကဲ့သို့သော ရေကို အသုံးပြုသော ပစ္စည်းပစ္စယများ၏ သက်တမ်းကို 30% ခန့် ပိုရှည် စေသည်။ လူထုလုပ်ငန်းများ၏ ဘုတ်အဖွဲ့သည် သင်၏သောက်သုံးရေ သန့်စင်မှု အပေါ်သက်ရောက် မှု ရှိစေနိုင်သာ ရေမီးဝန်ဆောင်မှုတည်ဆောက်ရေးစီမံကိန်းများအတွက် ကန်ထရိုက်များကို ပြန်လည် သုံးသပ်ခြင်း နှင့် ခွင့်ပြုပေးခြင်းများ ပြုလုပ်သည်။ ဘုတ်အဖွဲ့သည် အင်္ဂါနေ့တိုင်းမွန်းတည့်ချိန်၌ Citizens Square, 200 E. Berry Street, Fort Wayne, Indiana တွင် ဆုံတွေ့ကြသည်။ တွေ့ဆုံ ပွဲများကို အများပြည်သူအတွက်ဖွင့်ထားပေးပြီး အများပြည်သူကြည့်နိုင်သော TV ပေါ်တွင်လည်း ကြည့်ရှုနိုင်သည်။

MyWater

ရေမီတာများ၏ အသုံးဝင်မှုသက်တမ်း ကုန်ခါနီးတွင် သုံးစွဲသူအတွက် ရေမီတာပေါင်း 106,000 လဲလှယ်ပေးသည့် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်သည် 45 ရာခိုင်နှုန်းခန့် ပြီးသွားပြီဖြစ်ပါသည်။ မီတာအသစ် သည် သုံးစွဲသူများ၏ ရေအသုံးပြုမှုကို စောင့်ကြည့်ရန် နှင့် စီမံခန့်ခွဲရန်အတွက် ပိုကောင်းသည်။ သုံးစွဲ သူများအနေနှင့် MyWater စာမျက်နှာကို အချိန်တိုင်း 24/7 အသုံးပြုနိုင်သည်။ ယင်းစနစ်သည် သင်၏ ကျသင့်ငွေတွင် ငွေပမာဏအတိုင်းအတာ တခုအထိ ရောက်ရှိသောအခါ သတိပေးခြင်းဖြင့် မြို့တော် ရေမီးဝန်ဆောင်မှုဌာန၏ ကျသင့်ငွေတောင်းခံလွှာတွင် မျှော်လင့်မထားသော ကုန်ကျစရိတ် များ မဖြစ်စေရန် တားဆီးကာကွယ်နိုင်သည်။ အဆိုပါစာမျက်နှာကို အသုံးပြုရန်အတွက် mywater.cityoffortwayne.org တွင်ကြည့်ရှုပါ။

## ခဲသတ္တုအကြောင်း သတင်းအချက်အလက်

သောက်သုံးရေအတွင်း ခဲသတ္တုပါဝင်ခြင်းသည် ယေဘုယျအားဖြင့် ရေပိုက်လိုင်းတွင်ပါဝင်ပစ္စည်း များ နှင့် အိမ်အတွင်းပိုင်း၏ ပိုက်ပြင် ပိုက်ဆက်ခြင်းများကြောင့် ပါလာလေ့ရှိသည်။ သို့ဖြစ်၍ အိမ် များနှင့် လုပ်ငန်းများတွင် ပိုက်အမျိုးအစားများနှင့် ပိုက်ပြင် ပိုက်ဆက်မှုများကြောင့် ရေတွင် ခဲ သတ္တုပမာဏ မြင့်တက်လာနိုင်သည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနတွင် နောက်ဆုံးရရှိထား သော သတင်းအချက်အလက်အရ ခန့်မှန်းခြေအားဖြင့် 1937 ခုနှစ် မတိုင်မီ တည်ဆောက်ခဲ့သော အိမ်များတွင် ခဲသတ္တုပိုက်လိုင်းများရှိနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီ၏ပြောကြားချက်များအရ 1987 မတိုင်မီက အိမ်များတွင် ခဲသတ္တုဂဟေဆော်မှုများပါရှိ နိုင်သည်။



▲ 1937 ခုနှစ်မတိုင်မီ တည်ဆောက်ခဲ့သော အိမ်များသည် ခဲသတ္တုပိုက်လိုင်းများ ဖြစ်မည့်အလားအလာရှိသည်။
1981 ခုနှစ်မတိုင်မီ တည်ဆောက်ခဲ့သော အိမ်များတွင် ခဲသတ္တုပိုက်လိုင်းများ ဖြစ်လျှင်ဖြစ်နိုင်သည်။

မြို့တော်ရေမီးဝန်ဆောင်မှုဌာန အနေနှင့် အပေါက်ကျဉ်းသော ခဲသတ္တုပိုက်လိုင်းများ နှင့် အိမ်အတွင်းပိုင်း ရေပိုက်များမှ သောက်သုံးရေထဲသို့ ခဲသတ္တုစိမ့်ဝင်နိုင်ခြေကို လျှော့ချ ရန် အကာအရံအလွှာ အဖြစ် အောသိုဖော့စဖိတ်ကို မိမိတို့၏ ရေသန့်စင်ရေး လုပ်ငန်းစဉ်များတွင် အသုံးပြု ပါသည်။ ခဲသတ္တုနှင့်ထိတွေ့မှုမှ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းသည် ခဲသတ္တုပိုက် လိုင်းကို အစားထိုးရန် နှင့် သင့်အိမ်တွင် ခဲသတ္တုကင်းရှင်းသော ရေပိုက်သွယ်စနစ်ကို တပ်ဆင်ရန် ဖြစ် ပါသည်။ သင့်ရေပိုက်သည် ခဲသတ္တုဖြစ်ပါက မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနတွင် ခဲသတ္တုပိုက်လိုင်း အစားထိုးရန်အတွက် သင့်ကိုကူညီပံ့ပိုးနိုင်သည့် အစီအစဉ် ရှိပါသည်။ (260) 427-1234 ထံဖုန်း ဆက်ပါ သို့မဟုတ် utilities.cityoffortwayne.org/customers/lead-service-line-replacement/ for further information about this City program တွင်ကြည့်ရှုပါ။

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနသည် ပုဂ္ဂလိကပိုင် ခဲသတ္တုပိုက်လိုင်းများကို အစားထိုးရန်အတွက် လည်း ကူညီပေးပါသည်။ ကျွန်ုပ်တို့၏ အစီအစဉ်သည် ရေပိုက်အစားထိုးမှုအတွက် ကုန်ကျစရိတ်များ ကို လျှော့ချရန် အစုလိုက်စျေးနှုန်းကို အသုံးပြုပါသည်။ အိုးအိမ်ပိုင်ရှင်များကို ပြန်လည်ပေးချေရန် အတွက် ဆယ်နှစ်ကျော်အချိန်ပေးသည်။ ထို့အတူ အိမ်ထောင်စုဝင်ငွေအပေါ် မူတည်၍ 90% အထိ စုစုပေါင်းကုန်ကျစရိတ်များကို လျှော့ချနိုင်သည့် ဝင်ငွေကိုအခြေခံသော အကူအညီများရှိပါသည်။ ယနေ့အထိ၊ ကျွန်ုပ်တို့တွင် အစားထိုးလဲလှယ်ရေးများ အတွက် $ 500,000 ထက်မက ထုတ်ချေးခဲ့ပြီး ဖြစ်သည်။ 2023 တွင် ခဲသတ္တုပိုက် အစားထိုးရန် လုပ်ငန်းစီမံချက်ကြီး သုံးခုစီစဉ်ထားပြီး ပိုက်များ ကို အစားထိုးလဲလှယ်ရန်အတွက် ရာနှင့်ချီရှိသော အိမ်ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့၏ ကမ်းလင့်ထောက်ပံ့မှုတွင် အင်္ဂလိပ်၊ စပိန်၊ နှင့်မြန်မာ၊ စာသည့်ဘာသာစကားများဖြင့် စာပို့ခြင်း၊ ဖုန်းဆက်ခြင်း၊ နှင့် အိမ်နီးနားချင်း ဆက်သွယ်ရေးများ ပါဝင်သည်။ ယခုအချိန်ထိ 300 နီးပါးရှိသော အိမ်ပိုင်ရှင်များသည် ယခုနှစ်တွင် စတင်မည့် လုပ်ငန်းစီမံချက်များတွင် ပါဝင်လိုသော ဆန္ဒရှိကြောင်း ပြသခဲ့ပါသည်။

ခဲသတ္တုပမာဏများပြားမှုသည် ဆိုးဝါးသော ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်စေနိုင်သည်၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ငယ်ရွယ်သူ ကလေးများအတွက် ဖြစ်သည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေဖြင့် ရေသန့်စင်ရာတွင် အောသိုဖော့စဖိတ်ကို ဆက်လက်အသုံးပြုရန် ရည်ရွယ်ပါသည်။ သို့သော် သင့်ရေပိုက်လိုင်း နှင့် ပုဂ္ဂလိကပိုင် ရေပိုက်စနစ်များတွင် ခဲသတ္တုကို မ ပယ်ရှားနိုင်သ၍ ရေသောက်ရန် သို့မဟုတ် ချက်ပြုတ်ရန်အတွက် အသုံးမပြုမီ ရေကြိုဖွင့်ထားခြင်းဖြင့် ခဲသတ္တုနှင့်ထိတွေ့မှု အန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်။ ရေအေးကို ဖွင့်ပြီး စက္ကန့် 30 မှ နှစ် မိနစ်ခန့် ထားပြီး သောက်ရန် သို့မဟုတ် ချက်ပြုတ်ရန် သုံးပါ။ သင်၏ရေထဲတွင် ခဲသတ္တုပါဝင်ခြင်း အဆင့် နှင့်စပ်လျဉ်း၍ စိုးရိမ်မှုရှိပါ ပုဂ္ဂလိကဓာတ်ခွဲခန်းတွင်စစ်ဆေးနိုင်ပါသည်။ သင့်အနေနှင့် ခဲ သတ္တုနှင့် ထိတွေ့မှု လျှော့နည်းစေရန်အတွက် သောက်သုံးရေတွင် ခဲသတ္တုပါဝင်မှု၊ စစ်ဆေးရန်နည်း လမ်းများ နှင့် အခြားအဆင့်များ ဆိုင်ရာ သတင်းအချက်အလက်များကို ဘေးကင်း လုံခြုံသော သောက်သုံးရေ အရေးပေါ်ဖုန်းလိုင်းထံမှ 1(800) 426-4792 သို့မဟုတ် www.epa.gov/safewater/lead တွင် ရယူနိုင်ပါသည်။

# 2023 နှစ်ပတ်လည် သောက်သုံးရေ အရည်အသွေးအစီရင်ခံစာ

## သောက်ရေ နှင့် သင့်ကျန်းမာရေး

အချို့သောသူများအနေနှင့် လူဦးရေအများစုထက်ပိုပြီး သောက်ရေထဲတွင် ညစ်ညမ်းမှုကြောင့် ထိခိုက်လွယ်သည့် အခြေအနေရှိနိုင်သည်။ ဥပမာအားဖြင့် ဓာတုကုထုံးကိုခံယူနေသည့် ကင်ဆာရောဂါဖြစ်သူများ၊ ကိုယ်အင်္ဂါအစားထိုးကုသမှု ခံယူနေသူများ၊ HIV/AIDS သို့မဟုတ် ကိုယ်ခံအားစနစ် ချို့ယွင်းနေသူမျာ၊ အချို့သော အသက်ပိုကြီးသူများ နှင့် မွေးကင်းစ ကလေးငယ်များ၊ စသည့်ပုဂ္ဂိုလ်များကဲ့သို့ ကိုယ်ခံအားကျဆင်းနေသူများ အနေနှင့် ရောဂါပိုးဝင်နိုင်ခြေ အထူးအန္တရာယ်ရှိနိုင်သည်။ အဆိုပါ ပုဂ္ဂိုလ်များအနေနှင့် သောက်ရေနှင့်ပတ်သက်ပြီး ၎င်းတို့၏ ကျန်းမာရေးကုသမှု အကြံပြုချက်ကို တောင်းဆိုသင့်သည်။

Cryptosporidium သည် အမေရိကန်ပြည်ထောင်စု အနှံ့ရှိသော မြစ်ချောင်းများ၊ ရေကန်ကြီးများ၊ စမ်းချောင်းများ ကဲ့သို့သော ရေများ၏ မျက်နှာပြင်တွင် တွေ့ရှိရနိုင်သည့် အဏုဇီဝဆိုင်ရာ ရောဂါပိုးမွှားတမျိုးဖြစ်သည်။ ယင်း Cryptosporidium ပိုးကို မျိုချမိပါက ဝမ်းပျက်ဝမ်းလျှောဖြစ်စေသော ရောဂါပိုးဝင်ခြင်း cryptosporidiosis ကို ဖြစ်စေနိုင်သည်။ ရောဂါလက္ခဏာများတွင် ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ ဝမ်းလျှောခြင်း နှင့် ဗိုက်အောင့်ခြင်းများ ပါဝင်သည်။



Cryptosporidium ရောဂါပိုး၏ oocysts အရည်အိတ်များကို မျိုချမိမှသာ နာမကျန်းဖြစ်ပြီး သောက်ရေမှလွဲ၍ အခြားသောနည်းလမ်းများဖြင့် ရောဂါပျံ့နှံ့နိုင်သည်။ ကျန်းမာရေးကောင်းသောသူ အများစုအနေနှင့် ရက်သတ္တပတ် အနည်းငယ်တွင် သက်သာပျောက်ကင်းသွားနိုင်သည်။ သို့သော်ငြားလည်း ကိုယ်ခံအားကျဆင်းသောသူများ၊ မွေးကင်းစများ၊ ကလေးငယ်များ , နှင့် အသက်ပိုကြီးသူများ အနေနှင့် cryptosporidiosis ဝမ်းပျက်ဝမ်းလျှောဖြစ်စေသော ရောဂါပိုးဝင်ခြင်းကြောင့် အသက်အန္တရာယ်ရှိသော နာမကျန်းဖြစ်မှုအထိ အခြေအနေဆိုးဝါးနိုင်သည်။

Cryptosporidium ရောဂါပိုးနှင့် အခြားသော အဏုဇီဝဆိုင်ရာ ညစ်ညမ်းမှုများကြောင့် ရောဂါပိုးကူးစက်နိုင်ခြေ အန္တရာယ်ကို လျှော့ချရန်အတွက် သင့်လျော်သောနည်းလမ်းများ နှင့်ပတ်သက်ပြီး Safe Drinking Water Hotline ဘေးကင်းသောသောက်ရေ အရေးပေါ်ဖုန်းလိုင်းဖြစ်သည့် 1-800-426-4791 မှတဆင့် US EPA သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့နှင့် Centers for Disease Control and Prevention ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာန ထံမှ လမ်းညွှန်ချက်များကို ရယူနိုင်ပါသည်။

2022 ခုနှစ်တွင် မြစ်ရေချောင်းရေထဲမှ ရေသန့်စင်ရေးစက်ရုံထဲသို့ ဝင်လာသောရေထဲတွင် စစ်ထုတ်သန့်စင်ခြင်း မပြုမီ Cryptosporidium ပိုးအများဆုံးအဆင့်သည် ရေ တလီတာလျှင် oocysts ရောဂါပိုးအရည်အိတ်ပေါင်း 0.414 နှုန်းရှိသည်။

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနမှ စားသုံးသူများထံသို့ ပို့ပေးသည့်သောက်ရေထဲတွင် ဖက်ဒရယ်စံနှုန်းသတ်မှတ်ချက်များအတိုင်း Cryptosporidium ပိုးကို ဘယ်သောအခါမှ မတွေ့ရှိရပါ။ ဆိုလိုရင်းမှာ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနမှ ရေစစ်ထုတ်သန့်စင်ရေး လုပ်ငန်းစဉ်သည် "ပိုးမွှားများ" ကို အချိန်တိုင်း 100% ဖယ်ရှားနိုင်သည် သို့မဟုတ် ပိုးသတ်နိုင်သည်။

## အဆင်ပြေသော ငွေပေးချေမှုအတွက် ရွေးစရာနည်းလမ်းများ

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနတွင် သုံးစွဲသူများအတွက် ကျသင့်ငွေတောင်းခံလွှာများကို ပေးဆောင်ရန် နည်းလမ်းများစွာရှိပါသည်။ 2022 တွင် ဖို့ဝိန်းမြို့ရှိ Walmart ဆိုင်ငါးဆိုင်ထဲမှ သုံးစွဲသူများ နေထိုင်သည့်နေရာနှင့် နီးစပ်သည့် ဘယ်ဆိုင်မဆိုတွင် ငွေပေးဆောင်နိုင်စေရန်အတွက် Walmart နှင့် ပူးပေါင်းခဲ့သည်။ ပေးချေသောငွေများကို သင့်စာရင်းထဲတွင် ချက်ချင်းဖော်ပြပေးမည်ဖြစ်ပါသည်။ သုံးစွဲသူများ အနေနှင့် အိမ်မှနေ၍ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်ဖြစ်သော https://utilities.cityoffortwayne.org/ မှတဆင့် E-Check ၊ ခရက်ဒစ်ကဒ် ကိုအသုံးပြု၍ ငွေပေးချေနိုင်သည်။ ထို့အပြင် Amazon Pay ၊ Paypal ၊ Venmo အစီအစဉ်များမှတဆင့် သို့မဟုတ် ဖုန်းမှတဆင့် 427-1234 သို့ဆက်သွယ်ခြင်းဖြင့် ငွေပေးချေနိုင်သည်။ ထို့အပြင် လိပ်စာ 200 East Berry Street တွင်ရှိသော Citizens Square အဆောက်အဦ၏ အတွင်းဘက်နှင့် အပြင်ဘက်တွင် တခုစီထားရှိသော Kiosks စက်နှစ်ခုသည် ငွေလက်ခံနိုင်ပြီး သင့်စာရင်းထဲတွင် ချက်ချင်းဖော်ပြပေးသည်၊ ထို့အတူ ငွေသား၊ ချက်၊ သို့မဟုတ် ကဒ် ဖြင့် ငွေပေးချေနိုင်သည်။ အဆောက်အဦ၏အပြင်ဘက် စက်တခုသည် အချိန်မရွေး 24/7 နှင့် နေ့တိုင်း အသုံးပြုနိုင်သည်။



## သောက်ရေအရင်းအမြစ်များ

သောက်ရေအရင်းအမြစ်များ(ရေပိုက်နှင့်ရေဘူး နှစ်မျိုးစလုံး) တွင် မြစ်ချောင်းများ၊ ရေကန်ကြီးများ၊ စမ်းချောင်းများ၊ ရေအိုင်များ၊ ရေလှောင်ကန်များ၊ စိမ့်စမ်းများ၊ နှင့် ရေတွင်းများ၊ စသည်တို့ပါဝင်သည်။ မြေပြင်မှတဆင့် သို့မဟုတ် မြေအောက်မှတဆင့် ရေစီးဆင်းသောအခါ သဘာဝအရဖြစ်ပေါ်သော သတ္တုဓာတ်များကို အရည်ပျော်စေပြီး အချို့သောအခြေအနေများတွင် ရေဒီယိုသတ္တိကြွပစ္စည်းများကိုပါ အရေပျော်စေသည်၊ ထို့အတူ တိရစ္ဆာန်များရှိနေခြင်း သို့မဟုတ် လူများ၏ လှုပ်ရှားဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်သော ပစ္စည်းများပါဝင်လာနိုင်သည်။

ရေအရင်းအမြစ်ထဲတွင် ရှိနေနိုင်သည့် ညစ်ညမ်းမှုများတွင် အောက်ပါတို့ပါဝင်သည်။

- မိလ္လာရည်သန့်စင်ရေးဌာနများ၊ မိလ္လာကန်စနစ်များ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ နှင့် တောရိုင်းတိရစ္ဆာန်၊ စသည်တို့မှပါလာနိုင်သော ဗိုင်းရပ်စ် နှင့် ဘက်တီးရီးယားပိုး ကဲ့သို့သော အဏုဇီဝဆိုင်ရာ ညစ်ညမ်းမှုများ။
- သဘာဝအရဖြစ်ပေါ်သော သို့မဟုတ် မြို့တွင်းမုန်တိုင်းကျပြီးနောက် တင်နေသောရေစီးဆင်းမှု၊ စက်မှုလုပ်ငန်း သို့မဟုတ် အိမ်သုံး အညစ်အကြေးအရည်များ၊ ဆီနှင့်ဓာတ်ငွေ့ ထုတ်လုပ်မှုများ၊ သတ္တုတူးဖော်မှုများ၊ သို့မဟုတ် လယ်ယာလုပ်ငန်းများ၊ စသည်တို့ကြောင့် ဆားများ နှင့် သတ္တုများကဲ့သို့ ဇီဝမဟုတ်သော ညစ်ညမ်းမှုများ။
- စိုက်ပျိုးမွေးမြူရေး၊ မြို့တွင်းမုန်တိုင်းကျပြီးနောက် တင်နေသောရေစီးဆင်းမှု၊ နှင့် လူနေထိုင်သည့်မြေကွက်အသုံးပြုမှုများ ကဲ့သို့သောအရင်းအမြစ် အမျိုးမျိုးမှထွက်ပေါ်လာသည့် ပိုးသတ်ဆေးများနှင့်ပေါင်းသတ်ဆေးများ။
- စက်မှုလုပ်ငန်းလည်ပတ်မှုများ နှင့် ဓာတ်ဆီထုတ်လုပ်မှုကြောင့် ဘေးထွက်ရလဒ်များ၊ ထို့အတူ ဓာတ်ဆီဆိုင်များ၊ မြို့တွင်းမုန်တိုင်းကျပြီးနောက် တင်နေသောရေစီးဆင်းမှု နှင့် မိလ္လာရည်စနစ်မှ ဖြစ်ပေါ်လာနိုင်သည့် ဖန်တီးထားသော ဇီဝနှင့်ဓာတုပစ္စည်းများ နှင့် မတည်ငြိမ်သော ဇီဝနှင့်ဓာတုပစ္စည်းများအပါအဝင် ဇီဝနှင့်ဓာတု ညစ်ညမ်းမှုများ။
- သဘာဝအရ ဖြစ်ပေါ်လာနိုင်သော သို့မဟုတ် ဆီနှင့်ဓာတ်ငွေ့ ထုတ်လုပ်မှု နှင့် သတ္တုတူးဖော်သော လှုပ်ရှားမှုများ၏ နောက်ဆက်တွဲရလဒ် ဖြစ်နိုင်သည့် ရေဒီယိုသတ္တိကြွသော ညစ်ညမ်းမှုများ၊

## ရေစီးဆင်းမှုကို ထိန်းသိမ်းရန် ရင်းနှီးမြှုပ်နှံခြင်း

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနသည် ကျွန်ုပ်တို့၏ သုံးစွဲသူများအတွက် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန်အတွက် လုပ်ငန်းစီမံကိန်းများတွင် ဆက်လက်၍ ရင်းနှီးမြှုပ်နှံပါသည်။ 2022 တွင် ရပ်ကွက်တွင်း ရေပေးစနစ်ကို ပြင်ဆင်မွမ်းမံခြင်းတွင် $100 သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။



70 မိုင်ရှည်လျားသည့် ဟောင်းလာသော ရေပိုက်များကို ငါးနှစ်အတွင်း အစားထိုးလဲလှယ်ရန် အလေးအနက်ထား၍ ဆက်လက်ဆောင်ရွက်နေလျက် 2022 တွင် Oakhurst ၊ Tamarack ၊ နှင့် Centerhurst ၊ စသည့်ရပ်ကွက်များတွင် အဓိကရေပိုက်ကြီးများကို အသစ်လဲထည့်ခဲ့သည်။ East Central ၊ West Central နှင့် Wildwood Park ၊ စသည့်ရပ်ကွက်များတွင် 3.6 မိုင် ထပ်ဆောင်းရှည်လျားသော ပိုက်ကို အစားထိုးရန်လည်း စီစဉ်နေပါသည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနသည် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်ကို ဖြည့်ဆည်းပြီး Covington Dells ရပ်ကွက်သို့ ရေပေးစနစ်ကို စတင်တိုးချဲ့သွယ်ပေးသည်။ ယင်းသည် ကျွန်ုပ်တို့၏ အကောင်းဆုံးသောက်ရေကို ရယူရန် လျှောက်ထားခဲ့သည်။ ထို့အတူ Flaugh နှင့် Arcola Road နှင့် US 30 ဧရိယာများတွင်လည်း အနာဂတ်လုပ်ငန်းစီမံကိန်းအတွက် လမ်းစခင်းပေးပါသည်။

2022 တွင် ကျွန်ုပ်တို့၏ အရှေ့မြောက်ရှိ နီးစပ်ရာ Grabill မြို့တွင် ဈေးကြီးသည့် ရေပေးစနစ် ပြင်ဆင်မွမ်းမံခြင်းနှင့် ကြုံတွေ့သောအခါ ၎င်းတို့၏ရေဖြန့်ဝေရေးစနစ်ကို ကျွန်ုပ်တို့၏ရေပေးစနစ်နှင့် ချိတ်ဆက်ရန် နှင့် လူမှုအသိုင်းအဝိုင်းအတွက် စရိတ်သက်သာစေရန်ကျွန်ုပ်တို့ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနနှင့် သဘောတူညီချက်စာချုပ်တခု ချုပ်နိုင်ခဲ့သည်။




ဖွန်လတွင် ရေ 500,000 ဂါလန်ဆန့်သည့် 175 ပေမြင့်သော မျှော်စင် အသစ်တခုကို White Oak Drive တွင် တည်ဆောက်ခဲ့သည်။ 150 ပေမြင့်ပြီး ရေ 500,000 ဂါလန်ဆန့်သော မျှော်စင်ကိုလည်း Dupont Road တွင် ဆေးရောင်ခြယ်ပြီး မွှေစက်အသစ်တခု ထည့်သွင်းခြင်းဖြင့် ပြန်လည်ပြင်ဆင်မွမ်းမံခဲ့သည်။

ကျွန်ုပ်တို့၏ မြေအောက် အခြေခံအဆောက်အအုံအတွက် စဉ်ဆက်မပြတ်ဖြစ်သော ဆောက်လုပ်ရေး လုပ်ငန်းစီမံကိန်းများသည် ကျွန်ုပ်တို့၏ သုံးစွဲသူများအတွက် မရှိမဖြစ်လိုအပ်ပြီး ကျွန်ုပ်တို့ဝန်ဆောင်မှုပေးသော ရပ်ကွက်များကို ဖွံ့ဖြိုးစေရန် နှင့် အားကောင်းလာစေရန်အတွက် ကျွန်ုပ်တို့၏ အလေးအနက်ထား ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေသည်။

## ကျွန်ုပ်တို့၏ရေကို စမ်းသပ်စစ်ဆေးခြင်း

ရေပိုက်မှစီးဆင်းသောရေများသည် ဘေးကင်းလုံခြုံစွာ သောက်သုံးနိုင်အောင် သေချာစေရန်အတွက် အမေရိကန်ပြည်ထောင်စု သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအေဂျင်စီအဖွဲ့ ဖြစ်သည့် United States Environmental Protection Agency (US EPA) အနေနှင့် အများပြည်သူသုံးသော ရေစနစ်များမှ ရရှိသောရေများတွင် အချို့သော ညစ်ညမ်းမှုများ၏ ပမာဏကို ကန့်သတ်ထားရန် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပါသည်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနဖြစ်သည့် Food and Drug Administration (FDA) ၏ စည်းမျဉ်းစည်းကမ်းများအရ သောက်ရေဘူးများတွင် ညစ်ညမ်းမှုများကို ကန့်သတ်ရန် စည်းကမ်းချမှတ်ထား၍ အများပြည်သူကျန်းမာရေးကို အလားတူကာကွယ်ရမည်။ US EPA အနေနှင့် အများပြည်သူသုံးသောရေ စီမံခန့်ခွဲရေးစနစ်များမှ ၎င်းတို့၏စားသုံးသူများထံသို့ ဤအစီရင်ခံစာကဲ့သို့ နှစ်စဉ်အစီရင်ခံစာ တင်ပြရန်အတွက်လည်း သတ်မှတ်ထားသည်။ ရေသန့်ဘူးထုတ်လုပ်သူများ အနေနှင့် သတင်းအချက်အလက်များကို ပုံမှန်မျှဝေရန်အတွက် အလားတူသတ်မှတ်ချက်များမရှိပါ။

US EPA နှင့် အင်ဒီယားနားပြည်နယ်အစိုးရဖြစ်သည့် State of Indiana အဖွဲ့တို့မှ ကျွန်ုပ်တို့ထုတ်လုပ်ပေးပို့သော သောက်ရေများကို ဘေးကင်းလုံခြုံမှုရှိနေရန်အတွက် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနကို ပုံမှန်စမ်းသပ်စစ်ဆေးရမည်ဟု သတ်မှတ်ထားပါသည်။ ရေသန့်ဘူးအပါအဝင် သောက်ရေများသည် အနည်းဆုံးအဆင့် ညစ်ညမ်းမှုများ အနည်းငယ် ပါဝင်နိုင်သည်ကို အကျိုးသင့်အကြောင်းသင့် နားလည်ထားရမည်။ သို့သော်ငြားလည်း သောက်ရေထဲတွင်ပါဝင်သည့် အဆိုပါညစ်ညမ်းမှုများသည် စည်းမျဉ်းစည်းကမ်း ထုတ်ပိုင်ခွင့်ရှိသော အေဂျင်စီအဖွဲ့များ ချမှတ်ထားသည့် ကန့်သတ်ချက်အဆင့် အောက်တွင် ရှိနေသမျှ ယင်းရေသည် ကျန်းမာရေးကို ထိခိုက်နိုင်စေသည်ဟု ဖော်ပြခြင်းမရှိပါ။

ညာဘက်တွင်ရှိသော ဇယားကွက်အရ US EPA မှ စည်းမျဉ်းစည်းကမ်း ချမှတ်ထားသည့် ပစ္စည်းများကို ဇန်နဝါရီလ 1 ရက်နေ့မှ ဒီဇင်ဘာလ 31 ရက်နေ့ 2022 ခုနှစ်အကြား ကျွန်ုပ်တို့၏ အပြီးသန့်စင်ထားပြီးသော သောက်ရေတွင် တွေ့ရှိရသည့်ပစ္စည်းများကို ဖော်ပြထားပါသည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် အခြားသောပစ္စည်းများစွာကိုပါ စမ်းသပ်စစ်ဆေးပါသည်၊ သို့သော် မတွေ့ရှိရသဖြင့် ထည့်သွင်းတင်ပြခြင်းမရှိပါ။ အချို့သောစမ်းသပ်စစ်ဆေးမှုများသည် တနှစ်လျှင်တကြိမ်သာ ဆောင်ရွက်ရန်လိုအပ်သည် အဘယ်ကြောင့်ဆိုသော် အချို့ပစ္စည်းများ၏ပါဝင်မှုနှုန်းသည် မကြာခဏပြောင်းလဲခြင်းမရှိပါဟု US EPA နှင့် အင်ဒီယားနားပြည်နယ်အစိုးရတို့မှ သိရှိထားပါသည်။ တနှစ်လျှင်တကြိမ်သာ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများအတွက် ရလဒ်နှုန်းများကို ဇယားကွက်ထဲတွင် ဖော်ပြခြင်းမရှိပါ။

မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်မထားသော ပစ္စည်းများစွာတို့ကိုလည်း စမ်းသပ်စစ်ဆေးပါသည်။ စည်းမျဉ်းစည်းကမ်း သတ်မှတ်မထားသော ညစ်ညမ်းမှုများကို စောင့်ကြည့်ခြင်းသည် အချို့သော ညစ်ညမ်းမှုများသည် ဘယ်နေရာတွင် ဖြစ်ပေါ် ပြီး ၎င်းအေဂျင်စီအနေနှင့် အနာဂတ်တွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်သင့်မသင့် ဆုံးဖြတ်ရာတွင် US EPA အတွက် အထောက်အကူဖြစ်စေသည်။

အကြောင်းအရာများကို ပိုမိုသိရှိလိုပါက utilities.cityoffortwayne.org တွင်ဖတ်ရှုပါ။

## ဆုချီးမြှင့်ခြင်းများ 2022

Alliance of Indiana Rural Water အဖွဲ့ – အင်ဒီယားနားတွင် အရသာအကောင်းဆုံးရေ

Berkeley Springs International Water Tasting အဖွဲ့ – မြူနီစီပယ်ရေအမျိုးအစားတွင် အဆင့် 4

Association of Metropolitan Water Agencies အဖွဲ့ – ရေရှည်ခံရေဝန်ဆောင်မှု စီမံခန့်ခွဲရေးဆု



**အမေရိကတွင် ရေမီးဌာန လေးနေရာထဲမှ အနိုင်ရသူအတွက် ရေရှည်ခံစီမံခန့်ခွဲရေးဆု**

## ကျသင့်ငွေ ပေးချေရန်အတွက် အခက်အခဲရှိပါသလား။

တခါတရံတွင် ကျသင့်ငွေပေးချေရန် ခက်ခဲစေသည့် မျှော်လင့်မထားသော အခြေအနေများ ဖြစ်ပေါ်လာတတ်သည်ကို ကျွန်ုပ်တို့အနေနှင့် အသိအမှတ်ပြုပါသည်။ နောက်ကျ၍ဒဏ်ငွေဆောင်ခိုင်းခြင်း သို့မဟုတ် ရေဖြတ်ခြင်းများ ဖြစ်မသွားမီ ကျွန်ုပ်တို့၏ သုံးစွဲသူပံ့ပိုးကူညီမှု ကိုယ်စားလှယ်များသည် အရစ်ကျငွေပေးချေမှုကို စီစဉ်ရန်အတွက် သင့်ကိုကူညီနိုင်ပါသည်။ ကျွန်ုပ်တို့၏ကို (260) 427-1234 တွင် တနင်္လာနေ့မှ သောကြာနေ့အထိ၊ 7:30 a.m. နာရီမှ 5:30 p.m. နာရီအထိ ဆက်သွယ်နိုင်သည်။ ကျွန်ုပ်တို့အဖွဲ့မှ သင့်ကို အင်္ဂလိပ်၊ စပိန်၊ နှင့် မြန်မာ၊ စသည့်ဘာသာစကားများဖြင့် သင့်ကိုကူညီနိုင်ပါသည်။

CITY UTILITIES
WATER THAT WORKS

## ရေ၏ အရည်အသွေး ဇယားကို မည်သို့ဖတ်ရှုရသနည်း

**ညစ်ညမ်းအများဆုံးအဆင့် ရည်မှန်းချက် (MCLG)၊**

သောက်ရေထဲတွင် ညစ်ညမ်းမှုအဆင့်သည် ကျန်းမာရေးအတွက် အန္တရာယ်မဖြစ်ကြောင်း သိရှိထားသော သို့မဟုတ် မျှော်လင့်ထားသော အဆင့်အောက်တွင်ရှိနေခြင်း။ MCLG များသည် ဘေးကင်းလုံခြုံမှု အတိုင်းအတာတခုကို ဖော်ပြထားသည်။

**ညစ်ညမ်းအများဆုံးအဆင့် (MCL)၊**

သောက်ရေထဲတွင် ခွင့်ပြုထားသည့် ညစ်ညမ်းမှုအများဆုံးအဆင့်။ MCL များကို ရယူနိုင်သည့် အကောင်းဆုံးသန့်စင်ရေး နည်းပညာကို အသုံးပြု၍ MCLG များနှင့် အနီးစပ်ဆုံး ချမှတ်ထားသည်။

**သန့်စင်ရေး နည်းပညာ (TT)၊**

သတ်မှတ်ချက်အရ သောက်ရေထဲတွင် ညစ်ညမ်းမှုအဆင့်ကို လျှော့ချရန်ရည်ရွယ်သည့် လုပ်ငန်းစဉ်။

**အရေးယူဆောင်ရွက်မှုအဆင့် (AL)၊**

ညစ်ညမ်းမှုနှုန်းသည် သတ်မှတ်ထားသည်ထက် ကျော်လွန်ပါက စစ်ထုတ်သန့်စစ်ရန် သို့မဟုတ် ရေပေးစနစ်မှ လိုက်နာရသည့် အခြားသော သတ်မှတ်ချက်များကို အစပြုစေသည်။

**တွေ့ရှိသောအဆင့်၊**

လက်ခံဖွယ်အဆင့်နှင့် နှိုင်းယှဉ်ရန်အတွက် တွေ့ရှိသောအမြင့်ဆုံး ညစ်ညမ်းမှုအဆင့်။ တွေ့ရှိသောအဆင့်သည် အမြင့်ဆုံးဖြစ်သည့် တခုတည်းသောတိုင်းတာမှု ဖြစ်နိုင်သည်၊ သို့မဟုတ် ပျမ်းမျှအားဖြင့် ညစ်ညမ်းမှု၏ အမြင့်ဆုံးအဆင့်ပေါ် မူတည်သည်။

**အတိုင်းအတာ၊**

ညစ်ညမ်းမှုတခုစီအတွက် စမ်းသမ်စစ်ဆေးခဲ့သော နမူနာအားလုံး၏ အနိမ့်ဆုံးမှအမြင့်ဆုံး တန်ဖိုးများ။ နမူနာတခုတည်းသာ စမ်းသပ်စစ်ဆေးပါက အတိုင်းအတာကို ဖော်ပြမထားပါ။

**HA ၊** ကျန်းမာရေးဆိုင်ရာ တရားဝင်ကြေညာချက်အဆင့်။

**NA ၊** သက်ဆိုင်မှုရှိ။

**MNR ၊** စောင့်ကြည့်ရန်မလိုအပ်ပါ၊ သို့သော် အကြံပြုသည်

**ppm ၊** တစ်မီလီယံလျှင်ပါဝင်သောအပိုင်းများ သို့မဟုတ် တစ်လီတာလျှင် ပါဝင်သောမီလီဂရမ်နှုန်း (mg/L)။

**ppb ၊** တစ်ဘီလီယံလျှင်ပါဝင်သောအပိုင်းများ သို့မဟုတ် တစ်လီတာလျှင် ပါဝင်သောမီလီဂရမ်နှုန်း (mg/L)။

**NTU ၊**

ရေအနည်ထနှုန်းတိုင်းသည့်ယူနစ် (Nephelometric Turbidity Units)။ ရေနောက်နှုန်းကိုတိုင်းပြီး ရေစစ်ထုတ်သန့်စင်မှုလုပ်ငန်းစဉ်၏ ထိရောက်မှုကို ဖော်ပြသောအရာဖြစ်သည်။

**% ၊** လစဉ်နမူနာများအနက် အပေါင်းလက္ခဏာပေါ်သော ရာခိုင်နှုန်း။

**Oocyst ရောဂါပိုးအရည်အိတ်၊**

ထူသည့်အကာဖြင့် ဖုံးအုပ်ထားသော ကပ်ပါးကောင်ဇီဝရုပ်၏ သန္ဓေတည်သည့် ဗီဇကလပ်စည်း။



**ဓာတုဆေးကျွမ်းကျင်သူများ - Michele Gerke, Steve Hinkleman**

# ရေအရည်သွေးဖော်ပြချက်ဇယား

| ညစ်ညမ်းမှုများ | ယူနစ်များ | MCLG အဆင့် | MCL အဆင့် | စည်းကမ်းလိုက်နာမှုရှိသည် | သင့်ရေထဲတွင် တွေ့ရှိရသော အမြင့်ဆုံးအဆင့် | ပမာဏအတိုင်းအတာ | ပုံမှန်အရင်းအမြစ်များ |
|---|---|---|---|---|---|---|---|
| **ပိုးသတ်သန့်စင်ဆေး နှင့် ပိုးသတ်သန့်စင်သူ- ထုတ်ကုန်များ** | | | | | | | |
| ကလိုရင်း | ppm | 4 | 4 | ဟုတ် | 2.09 | 1.53 - 2.09 | ဘက်တီးရီးယားပိုးကို ထိန်းချုပ်ရန်အတွက် သောက်ရေသန့်စင်ရေး လုပ်ငန်းစဉ်တွင် ထပ်ဖြည့်သည့်အရည်များကို အသုံးပြုသည် |
| ကလိုရင်း ဒိုင်အောက်ဆိုက် | ppb | 800 | 800 | ဟုတ် | 190 | 38 - 198 | ဘက်တီးရီးယားပိုးကို ထိန်းချုပ်ရန်အတွက် သောက်ရေသန့်စင်ရေး လုပ်ငန်းစဉ်တွင် ထပ်ဖြည့်သည့်အရည်များကို အသုံးပြုသည် |
| ကလိုရိုက် | ppm | 0.8 | 1 | ဟုတ် | 0.82 | 0.41 - 0.82 | သောက်ရေ ပိုးသတ်သန့်စင်ဆေး ထုတ်ကုန်ဖြင့် |
| ဟလိုအစီးတစ်အက်ဆစ် Haloacetic Acids (HAA5) | ppb | သက်ဆိုင်မှုမရှိ | 60 | ဟုတ် | 21.0<br>နေရာ#9 တွင် အမြင့်ဆုံး LRAA | 4.5 - 31.8 | သောက်ရေ ပိုးသတ်သန့်စင်ဆေး ထုတ်ကုန်ဖြင့်<br>မှတ်ချက်၊ စည်းကမ်းလိုက်နာမှုသည် နေရာတခုချင်းစီ၏ နှစ်စဉ်ပျမ်းမျှ ရွေ့လျားဆင်းမှုနှုန်း (LRAA) အပေါ်မူတည်သည်။ တနေရာချင်း၏ အမြင့်ဆုံးရလဒ်ဖြစ်သော 31.8 ကို နှစ်စဉ်ပျမ်းမျှ 20.4 ဖြစ်ခဲ့သည်။ |
| စုစုပေါင်း အော်ဂဲနစ်ကာဗွန် (TOC) | mg/L | သက်ဆိုင်မှုမရှိ | TT နည်း | ဟုတ် | TOC ၏ ရာခိုင်နှုန်းကို လစဉ်တိုင်းပြီး ရေပေးစနစ်အနေနှင့် TOC ဖယ်ရှားရန် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်။ | သက်ဆိုင်မှုမရှိ | သဘာဝအရ ပတ်ဝန်းကျင်တွင် ရှိနေသည် |
| TTHMs (စုစုပေါင်း ထရိုင်ဟလိုမက်သိန်းဓာတ် Trihalomethanes) | ppb | သက်ဆိုင်မှုမရှိ | 80 | ဟုတ် | 33.9<br>နေရာ#12 တွင် အမြင့်ဆုံး LRAA | 17.9 - 60.4 | သောက်ရေ ပိုးသတ်သန့်စင်ဆေး ထုတ်ကုန်ဖြင့်<br>မှတ်ချက်၊ စည်းကမ်းလိုက်နာမှုသည် နေရာတခုချင်းစီ၏ နှစ်စဉ်ပျမ်းမျှ ရွေ့လျားဆင်းမှုနှုန်း (LRAA) အပေါ်မူတည်သည်။ တနေရာချင်း၏ အမြင့်ဆုံးရလဒ်ဖြစ်သော 60.4 ကို နှစ်စဉ်ပျမ်းမျှ 33.9 ဖြစ်ခဲ့သည်။ |
| **ဇီဝမဟုတ်သော ဒြပ်ပေါင်းများ** | | | | | | | |
| ဖလူအိုရိုက်ဆေး | ppm | 4 | 4 | ဟုတ် | 0.84 | 0.43 - 0.84 | သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု၊ သွားခိုင်စေသည့် ရေထဲတွင် ထပ်ဖြည့်သောဆေးရည်၊ မြေဩဇာ နှင့် အလူမီနီယံစက်ရုံများမှ ထွက်ကျသောအရည်များ |
| နိုက်ထရိတ် (နိုက်ထရိုဂျင်အဖြစ် တိုင်းသည်) | ppm | 10 | 10 | ဟုတ် | 2.029 | 0.140 - 2.029 | မြေဩဇာအသုံးပြုခြင်းမှ ရေနှင့်အတူစီးဆင်းသောပစ္စည်းများ၊ မိလ္လာအညစ်အကြေးထိန်းချုပ်မှုစနစ်များမှ စိမ့်ထွက်ခြင်း၊ မိလ္လာရည်မှစိမ့်ထွက်သောအရာများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| နိုက်ထရိုက် (နိုက်ထရိုဂျင်အဖြစ် တိုင်းသည်) | ppm | 1 | 1 | ဟုတ် | 0.076 | 0 - 0.076 | မြေဩဇာအသုံးပြုခြင်းမှ ရေနှင့်အတူစီးဆင်းသောပစ္စည်းများ၊ မိလ္လာအညစ်အကြေးထိန်းချုပ်မှုစနစ်များမှ စိမ့်ထွက်ခြင်း၊ မိလ္လာရည်မှစိမ့်ထွက်သောအရာများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ဆိုဒီယံ | ppm | 0 | မရှိ | သက်ဆိုင်မှုမရှိ | 28 | 11 - 28 | သဘာဝအရ ပတ်ဝန်းကျင်တွင် ရှိနေသည် |
| ဘေရီယမ် | ppm | 2 | 2 | ဟုတ် | 0.031 | 0.0077 - 0.0310<br>ရေတိုက်စားသည့် သဘာဝပစ္စည်းများ | တွင်းတူးခြင်းမှ အညစ်အကြေးများမှ ထွက်သောအရာ၊ သတ္တုသန့်စင်ရေးမှ ထွက်သောအရာ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ခရိုမီယမ် | ppb | 100 | 100 | ဟုတ် | 0.91 | 0 - 0.91 | သံမဏိ နှင့် သစ်သားဖတ် ထုတ်လုပ်ရေးစက်ရုံများမှ ထွက်ကျသောအရာများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| စိုင်ယနိုက် | ppb | 200 | 200 | ဟုတ် | 5.5 | တနှစ်လျှင် စမ်းသပ်မှုတကြိမ်သာ လိုအပ်သည် | ပလတ်စတစ် နှင့်မြေဩဇာစက်ရုံများ၊ သံမဏိ/သတ္တုစက်ရုံများ၊ စသည်တို့မှထွက်ကျလာသောအရာများ |
| သာလီယမ် | ppb | 0.5 | 2 | ဟုတ် | 0.0 | 0.0 - 0.0 | အီလက်ထရွန်နစ်ပစ္စည်းများ၊ ဖန်သားများ၊ သတ္တုရိုင်းတူးဖော်သန့်စင်ရေး နေရာများမှ စိမ့်ထွက်သောအရာများ |
| **အဏုဇီဝဆိုင်ရာ ညစ်ညမ်းမှုများ** | | | | | | | |
| စုစုပေါင်း ကိုလီဖောင်းပိုး | လစဉ်နမူနာများထဲမှ အပေါင်းလက္ခဏာ ပေါ်သော % | 0 | 5 | ဟုတ် | 2.75 | 0 - 2.75 | သဘာဝအရ ပတ်ဝန်းကျင်တွင် ရှိနေသည် |
| အီကိုလိုင် | အီကိုလိုင်ပိုးတွေ့ရှိသော နမူနာ စုစုပေါင်း | 0 | နမူနာကိုပုံမှန်စစ်ဆေးပြီးအီကိုလိုင်တွေ့ရှိသည့်ရလဒ်။ ထပ်ခါတလဲလဲစစ်ဆေးမှုရလဒ်တွင် ပိုးမရှိ။ | ဟုတ် | 1 | သက်ဆိုင်မှုမရှိ | သဘာဝအရ ပတ်ဝန်းကျင်တွင် ရှိနေသည် |
| အနည်ထနှုန်း | 0.3 NTU ၏ကန့်သတ်ချက်နှင့် ကိုက်ညီသော အနိမ့်ဆုံး % | 100 | 95 | ဟုတ် | 100 | သက်ဆိုင်မှုမရှိ | မြေဆီလွှာ ရေတိုက်စားမှု |
| အနည်ထနှုန်း | | သက်ဆိုင်မှုမရှိ | TT-1 NTU | ဟုတ် | 0.17 | သက်ဆိုင်မှုမရှိ | မြေဆီလွှာ ရေတိုက်စားမှု |
| ခရစ်ပ်တိုဖိုရီဒီယံ | oocysts/100 L | 0 | TT နည်း | သက်ဆိုင်မှုမရှိ | 0 | သက်ဆိုင်မှုမရှိ | လူနှင့်တိရစ္ဆာန်များ၏ မစင်အညစ်အကြေး |
| အရင်းအမြစ် (သဘာဝ) ရေ ခရစ်ပ်တိုဖိုရီဒီယံ | oocysts/L | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | 0.414 | 0 - 0.414 | လူနှင့်တိရစ္ဆာန်များ၏ မစင်အညစ်အကြေး |
| **မတည်ငြိမ်သော ဇီဝရုပ်ဒြပ်ပေါင်းများ** | | | | | | | |
| သက်ဆိုင်မှုမရှိ | | | | | | | |
| **ဖန်တီးထားသော ဇီဝရုပ်ဒြပ်ပေါင်းများ စည်းကမ်းသတ်မှတ်ထားသည်** | | | | | | | |
| အက်ထရာဇင်းပေါင်းသတ်ဆေး | ppb | 3 | 3 | ဟုတ် | 0.14 | 0 - 0.14 | အတန်းလိုက်စိုက်ထားသော ကောက်ပဲသီးနှံများအတွက် အသုံးပြုသောပေါင်းသတ်ဆေး စီးဆင်းမှု |
| စီမာဇင်း ပေါင်းသတ်ဆေး | ppb | 4 | 4 | ဟုတ် | 0.096 | 0 - 0.096 | အတန်းလိုက်စိုက်ထားသော ကောက်ပဲသီးနှံများအတွက် အသုံးပြုသောပေါင်းသတ်ဆေး စီးဆင်းမှု |
| 2,4-D | ppb | 70 | 70 | ဟုတ် | 0.76 | 0.0 - 1.4 | အတန်းလိုက်စိုက်ထားသော ကောက်ပဲသီးနှံများအတွက် အသုံးပြုသောပေါင်းသတ်ဆေး စီးဆင်းမှု |
| **စည်းကမ်းသတ်မှတ်မထားသော ဒြပ်ပေါင်းများ** | | | | | | | |
| မယ်ထိုလာကလော ပေါင်းသတ်ဆေး | ppb | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | 0.8 | 0.0 - 0.8 | အတန်းလိုက်စိုက်ထားသော ကောက်ပဲသီးနှံများအတွက် အသုံးပြုသောပေါင်းသတ်ဆေး စီးဆင်းမှု |
| ဒီကမ်းဘယာ ပေါင်းသတ်ဆေး | ppb | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | 2 | 0.0 - 2 | အတန်းလိုက်စိုက်ထားသော ကောက်ပဲသီးနှံများအတွက် အသုံးပြုသောပေါင်းသတ်ဆေး စီးဆင်းမှု |
| စုစုပေါင်းရေစေးနှုန်း | ppm | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | သက်ဆိုင်မှုမရှိ | 160 | 91 - 160 | ထုံးကျောက် နှင့် ဒိုးလမိုက်၏ ရေတိုက်စားမှု၊ ပျမ်းမျှအားဖြင့် = 129 |
| **ဇီဝမဟုတ်သော ညစ်ညမ်းမှုများ** | | | | | 90 ရာခိုင်နှုန်းအုပ်စု | | |
| ကြေးနီ (ဇန်နဝါရီလမှ ဇွန်လအထိ 2022) | ppm | 1.3 | AL အဆင့်အောက်တွင် ရယူသော နမူနာများ၏ 90% သည် = 1.3 | ဟုတ် | 0.0858 | ရယူသောနမူနာများ = 100 ခု<br>AL အဆင့်ကျော် = 1 | အိမ်သုံးရေပိုက်စနစ်များ၏ ရေတိုက်စားမှုများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ကြေးနီ (ဇူလိုင်လမှ ဒီဇင်ဘာလအထိ 2022) | ppm | 1.3 | AL အဆင့်အောက်တွင် ရယူသော နမူနာများ၏ 90% သည် = 1.3 | ဟုတ် | 0.0577 | ရယူသောနမူနာများ = 102 ခု<br>AL အဆင့်ကျော် = 0 | အိမ်သုံးရေပိုက်စနစ်များ၏ ရေတိုက်စားမှုများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ခဲသတ္တု (ဇန်နဝါရီလမှ ဇွန်လအထိ 2022) | ppb | 0 | AL အဆင့်အောက်တွင် ရယူသော နမူနာများ၏ 90% သည် = 15 | ဟုတ် | 4.8 | ရယူသောနမူနာများ = 100 ခု<br>AL အဆင့်ကျော် = 3 | အိမ်သုံးရေပိုက်စနစ်များ၏ ရေတိုက်စားမှုများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ခဲသတ္တု (ဇူလိုင်လမှ ဒီဇင်ဘာလအထိ 2022 | ppb | 0 | AL အဆင့်အောက်တွင် ရယူသော နမူနာများ၏ 90% သည် = 15 | ဟုတ် | 3.1 | ရယူသောနမူနာများ = 102 ခု<br>AL အဆင့်ကျော် = 2 | အိမ်သုံးရေပိုက်စနစ်များ၏ ရေတိုက်စားမှုများ၊ သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| **ရေဒီယိုသတ္တိကြွသော ညစ်ညမ်းမှုများ** (ဇန်နဝါရီလ 2020) | | | | | | | |
| ပေါင်းစပ်ထားသော ရေဒီယမ် 226/228 | pCi/L | 0 | 5 | ဟုတ် | 1 | 1 - 1 | သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |
| ရေဒွန် နှင့် ယူရေနီယမ်မှလွဲ၍ ရေ၏ရေဒီယိုသတ္တုကြွနှုန်း | pCi/L | 0 | 15 | ဟုတ် | 0.2 | 0.2 - 0.2 | သဘာဝပစ္စည်းများ၏ ရေတိုက်စားမှု |

2022 ခုနှစ်၏နှစ်တဝက် အစောပိုင်းတွင် အောသိုဖော့စဖိတ်နှုန်းသည် လက်ရှိအနည်းဆုံးအဆင့်ဖြစ်သော တစ်မီလီယံလျှင် 2.7 စိတ် အောက်တွင် အကြိမ်ပေါင်းများစွာ ယာယီလျော့ကျခဲ့သည်။ အောသိုဖော့စဖိတ်ကို စဉ်ဆက်မပြတ် ထည့်သွင်းသော်လည်း လက်ရှိ အနည်းဆုံးစံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီရန်အတွက် အလိုအလျောက် ထည့်သွင်းရန်ပမာဏကို အနည်းငယ်ထပ်တိုးခဲ့သည်။ ကျန်းမာရေးထိခိုက်မှုများ ဖြစ်စေမည်ဟု ယုံကြည်ခြင်းမရှိပါ၊ ထို့အတူ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် ခဲသတ္တုနှုန်း စည်းကမ်းသတ်မှတ်ချက်နှင့် ဆက်လက်၍ ကိုက်ညီနေပါသည်။ မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာနသည် 2022 ခုနှစ်အတွင်း ခဲသတ္တု စမ်းသပ်စစ်ဆေးမှုပေါင်း 1400 ထက်ပိုပြီး စစ်ဆေးခဲ့သည်။ စမ်းသပ်မှုရလဒ်များကို များသောအားဖြင့် အစီအစဉ်တွင်ပါဝင်သည့် သုံးစွဲသူများထံသို့ အချိန်မီပို့ပေးသော်လည်း အချို့သော ရလဒ်များကို စည်းမျဉ်းစည်းကမ်းသစ်များ၏ သတ်မှတ်ချက်ထက် မတော်တဆ နောက်ကျ၍ ပို့ပေးခဲ့သည်။ နောက်ဆက်တွဲအဖြစ် အခြေအနေအားလုံးတွင် အချိန်မီတင်ပြနိုင်စေရန်အတွက် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် လုပ်ထုံးလုပ်နည်းအသစ်များကို အကောင်အထည်ဖော်ခဲ့သည်။ ထပ်ပြောပါရစေ၊ ကျန်းမာရေးထိခိုက်မှုများ ဖြစ်စေမည်ဟု ယုံကြည်ခြင်းမရှိပါ။

**CITY UTILITIES**
Citizens Square, 200 E. Berry, Suite 270
Fort Wayne, IN 46802

PRESORT STANDARD
U.S. POSTAGE
**PAID**
FORT WAYNE, IN
PERMIT #90

**အရေးကြီးသော သတင်းအချက်အလက်ရင်းမြစ်များ၊**

**Three Rivers Filtration Plant ရေသန့်စက်ရုံ 260- 427-1234**
**utilities.cityoffortwayne.org**
**Indiana Department of Environmental Management (IDEM) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန**
**1-888-233-7745**
**in.gov/idem/cleanwater/2450.htm**
**EPA's Safe Drinking Water Hotline 1- 800- 426- 4791**
**ဘေးကင်းလုံခြုံသောသောက်သုံးရေ အပေါ်ဖုန်းလိုင်း**
**https://www.epa.gov/sdwa**

## ကျွန်ုပ်တို့၏မြစ်ချောင်းများကို ကာကွယ်ခြင်းသည် သင်နှင့်စတင်ပါသည်

Clean Drains Fort Wayne: Be River SmART လှုံ့ဆော်မှုအစီအစဉ်သည် Friends of the Rivers အဖွဲ့နှင့် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန တို့အကြား ပူးပေါင်းဆောင်ရွက်မှုတခုဖြစ်သည်။ ခံယူထားသောတာဝန်ရှိသည့် အများပြည်သူအတွက် အနုပညာဖြစ်ပြီး ကျွန်ုပ်တို့၏မြစ်ချောင်းများကို ကာကွယ်ရန်အတွက် လူတိုင်းကို ပါဝင်ဆောင်ရွက်ရန် သတိပေးပါသည်။ အမှိုက်များ၊ အပိုင်းအစများ၊ ညှပ်ထားသောပေါင်းပင်များ၊ အိမ်မွေးတိရစ္ဆာန် အညစ်အကြေးများ နှင့် မြေသြဇာ အလွန်အကျွံဖြန်းခြင်း၊ စသည့်အရာများသည် မိုးရေနှင့်အတူ စီးဆင်းပြီး ကျွန်ုပ်တို့၏မြစ်ချောင်းများကို ညစ်ညမ်းမှုဖြစ်စေသည်။




ရေနုတ်မြောင်းသည် မိုးရေအတွက်သာ

သင် ကူညီနိုင်ပါသည်။ **စက်တင်ဘာလ 23 ရက်နေ့, 2023 တွင် ကျင်းပမည့် ရေနုတ်မြောင်းများ သန့်ရှင်းရေးနေ့ (Clean the Drains Day)** သည် ရေညစ်ညမ်းမှုပြဿနာ ဖြေရှင်းရာတွင်ပါဝင်ရန် သင့်အတွက် အခွင့်အလမ်းဖြစ်ပါသည်။ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ ဘုရားကျောင်း၊ အိမ်နီးနားချင်း၊ မိသားစု သို့မဟုတ် လူတဦးချင်း၊ စသည့်နေရာမှ မည်သူမဆို ပါဝင်နိုင်သည်။ အကြောင်းအရာများကို ပိုမိုလေ့လာရန် နှင့် စာရင်းသွင်းရန်အတွက် cleandrainsfort-wayne.org တွင်ကြည့်ရှုပါ။




သင့်အိမ်အနီးအနား သို့မဟုတ် သင့်ရပ်ကွက်ရှိ ရေနုတ်မြောင်းများမှ ညစ်ညမ်းမှုများကို ရှင်းလင်းရန်အတွက် စာရင်းသွင်းထားခြင်းဖြင့် သင့်အနေနှင့် ရေနုတ်မြောင်းကာကွယ်သူမိသားစု (Drain Stormer Family) ဖြစ်လာနိုင်သည်။ သတိပေးသော အမှတ်အသားဖြင့် မှတ်ထားပါ။ ထို့အတူ သင့်ရေနုတ်မြောင်းများ အနီးတွင် မြေဖြူခဲနှင့် ပုံများရေးဆွဲခြင်းဖြင့် ပျော်ရွှင်ဖွယ်မိသားစုအချိန်များကို ဖန်တီးပါ။ အကြောင်းအရာများကို ပိုမိုလေ့လာရန်နှင့် သင့်မိသားစုအတွက် ပစ္စည်းများ ရယူရန် forfw.org/drain-stormer-family/ တွင်ကြည့်ရှုပါ။



**မိသားစုများသည် ရေနုတ်မြောင်းများကို ကာကွယ်သည်။**

***အကြောင်းအရာများကို ပိုမိုလေ့လာရန်နှင့် သင့်မိသားစုအတွက် ပစ္စည်းများ ရယူရန် forfw.org/drain-stormer-family/ တွင်ကြည့်ရှုပါ။***

## သင်ကူညီနိုင်သောနည်းလမ်းများ

မြို့တော်ရေမီးဝန်ဆောင်မှုဌာန အနေနှင့် St. Joseph River Watershed Initiative (SJRWI) မြစ်ဝှမ်းထိန်းသိမ်းရေး အဖွဲ့အစည်းကို ထောက်ပံ့ခြင်းဖြင့် သောက်သုံးရေ အရင်းအမြစ်ဖြစ်သော St. Joseph မြစ်ကို ကာကွယ်စောင့်ရှောက်ရေး အတွက် ဆောင်ရွက်နေပါသည်။ အဆိုပါ ငွေကြေးအကျိုးအမြတ်မယူသော မြစ်ဝှမ်းစီမံချက် နှင့် ကာကွယ်မှု အဖွဲ့အစည်းသည် St. Joseph မြစ်ရိုးတလျှောက်ရှိ မစ်ရှီဂန်တောင်ပိုင်း၊ အိုဟိုင်းယိုး အနောက်မြောက် နှင့် အင်ဒီယာနာ၏ Steuben ၊ Dekalb နှင့် Allen ကောင်တီများတွင် နေထိုင်သူများ နှင့် လူမှုအသိုင်းအဝိုင်းများနှင့် အတူလက်တွဲလုပ်ဆောင်သည်။ SJRWI သည် အိမ်ပိုင်ရှင်များကို ပညာပေးခြင်း၊ ရေ အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ စီမံခန့်ခွဲရေး အစီအစဉ်များ ရေးဆွဲခြင်းနှင့် မြစ်အတွင်းသို့ ညစ်ညမ်းစေမှု လျှော့ချရေးအတွက် အကောင်းဆုံးသော စီမံခန့်ခွဲရေးအလေ့အထများကို အကောင်အထည်ဖော် ဆောင်ရွက်သည်။ စေတနာ့ဝန်ထမ်းလုပ်ရန်အတွက် နည်းလမ်းများစွာရှိပါသည်။ www.sjrwi.org တွင်ကြည့်ရှုပါ။

## မီးဘေးကာကွယ်ရေး

ရေပေးမှုစံနစ်တွင် မိမိတို့ ရင်းနှီးမြှုပ်နှံမှု များအနက် အချို့တွင် အထူးအာရုံစိုက်ထားသည်မှာ မီးသတ်လုပ်ငန်းအတွက် ရေရရှိနှုန်း နှင့် စိတ်ချယုံကြည်နိုင်မှု တိုးပွါးစေရန်ဖြစ်သည်။ ထိုရင်းနှီးမြှုပ်နှံမှုသည် ဖို့ဝိန်း မီးသတ်ဌာန၏ လုပ်ငန်းကျွမ်းကျင်မှု နှင့် ထပ်တူကျပါသည်။ ယင်းမှာ ဖို့တ်ဝိန်း၏ ISO မီးဘေးကာကွယ်ရေး အဆင့် သတ်မှတ်ချက် Class 2 ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း တခုအတွက် ISO အဆင့် သတ်မှတ်ချက်သည် အိမ်ပိုင်ရှင်များအနေနှင့်အာမခံကြေး အတွက် ပေးဆောင်ရမည့်လစဉ်ကြေးပမာဏကို အဆုံးအဖြတ်ပေးရာတွင် အထောက်အကူဖြစ်စေပါသည်။



**2022 တွင် မြို့တော်၏ ရေမီးဝန်ဆောင်မှုဌာန အနေနှင့် မီးသတ်အတွက် ရေပိုက်ခေါင်းများ 11,939 အနက် 7,943 ကို ထိန်းသိမ်းရေးဆောင်ရွက်ခဲ့သည်။**

## AVISO IMPORTANTE

Este reporte contiene información importante acerca de su agua potable. Haga que alguien lo traduzca para usted, o hable con alguien que lo entienda. En español: 427-1234.

## အရေးကြီးသောသတိပေးချက်

ဤအစီရင်ခံစာသည် သင့်သောက်ရေနှင့်ပတ်သက်ပြီး အရေးကြီးသော အချက်အလက်များပါဝင်သည်။ တစုံတဦးကို သင့်အတွက် ဘာသာပြန်ခိုင်းပါ၊ သို့မဟုတ် 127-1234 သို့ဖုန်းဆက်၍ မြန်မာဘာသာစကားဖြင့် အကြောင်းအရာသိရှိနားလည်ထားသူ တဦးဦးနှင့် ဆွေးနွေးပါ။